သန့်စင်ခြင်းများသည် မှန်ကန်သောပိုးသတ်သန့်စင်ခြင်း နည်းလမ်းဖြစ်ကြောင်း သိပ္ပံနည်းကျ သက်သေအထောက်အထားများ မတွေ့ရှိရသေးသည့်အပြင် မျက်လုံး၊ အသက်ရှူလမ်းကြောင်းနှင့် အရေပြားတို့ကို ထိခိုက်စေနိုင်သောကြောင့် မပြုလုပ်သင့်ပါ။

(၃) ဝန်ထမ်းများ အလုပ်တက်ရောက်ခြင်းရှိ/မရှိ ဆန်းစစ်ရာ၌ ဝင်ပေါက်နေရာတွင် ကြီးကြပ်ရေးမှူးများအား တာဝန်ချထားပြီး ကြီးကြပ်ဆောင်ရွက်ပါ။ (စာရွက်ပေါ်တွင် စုရုံးလက်မှတ်ထိုးခြင်း၊ Fingerprint scanners ဖြင့် ရုံးတက်/မတက် ဆန်းစစ်ခြင်းတို့ကို ရှောင်ကြဉ်ပါရန်)။